# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

September 11, 2024 Volume 82, Number 8


| ၁၁.၉.၂၀၂၄ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၁၈.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၁၂.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၄၇.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၉၈.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၅.၂၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၀၁၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၆.၇၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၈၄.၇၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၂.၄၅၄ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ယခုဘဏ္ဍာနှစ် ငါးလတာကာလအတွင်း ပြည်ပသို့ ငါး မက်ထရစ်တန် တစ်သိန်းကျော် တင်ပို့ထား



မြန်မာနိုင်ငံမှ ပြည်ပသို့ ရေထွက်ကုန်ပစ္စည်းများ တင်ပို့လျက်ရှိရာ ယခုဘဏ္ဍာနှစ် ငါးလတာကာလအတွင်း ပြည်ပသို့ငါးတင်ပို့မှုအနေဖြင့် မက်ထရစ်တန် တစ်သိန်းကျော် တင်ပို့ထားကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ ဩဂုတ်လ ၃၁ ရက်အထိ ငါးလတာ ကာလအတွင်း ရေထွက်ကုန်ပစ္စည်း တင်ပို့မှုအနေဖြင့် ပုံမှန်ကုန်သွယ်မှုမှ ငါးမက်ထရစ်တန် ၆၅,၆၁၁ ဒသမ ၉၆ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၈၈ ဒသမ ၆၄၃ သန်း၊ နယ်စပ်ကုန်သွယ်မှုမှ ငါးမက်ထရစ်တန် ၅၉,၁၈၁ ဒသမ ၇၁၁ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၄၉ ဒသမ ၀၈၈ သန်းရရှိသည့်အတွက် စုစုပေါင်း ငါးမက်ထရစ်တန် ၁၂၄,၇၉၃ ဒသမ ၆၇၁ တန် တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၁၃၇ ဒသမ ၇၃၁ သန်း ရရှိခဲ့ကြောင်းသိရသည်။

ပြီးခဲ့သည့် ဘဏ္ဍာနှစ်ကာလတူက ပြည်ပသို့ ငါးတင်ပို့မှုအနေဖြင့် မက်ထရစ်တန် ၅၉,၈၈၅ ဒသမ ၂၃၄ တန် တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၇၄ ဒသမ ၂၅၃ သန်းရရှိခဲ့သည်။ မြန်မာနိုင်ငံမှ ပုစွန်နှင့်ငါးအပါအဝင် ရေထွက်ကုန်များကို တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဂျပန်နိုင်ငံစသည့်နိုင်ငံပေါင်း ၄၀ ကျော်သို့ တင်ပို့လျက်ရှိပြီး

ရန်ကုန်မြို့မှတစ်ဆင့် ပုံမှန်တင်ပို့သည့်အပြင် နယ်စပ်ကုန်သွယ်ရေးမှလည်း တိုက်ရိုက်တင်ပို့လျက်ရှိကြောင်း သိရသည်။

**Source:** https://myawady.net.mm/

## စိုက်ပျိုးရေး ဈေးကွက်သတင်း

### သိန်း ၄၀ အောက် ပြန်ကျဆင်းသွားတဲ့ မတ်ပဲနှင့် ဆက်တိုက်ဈေးကျဆင်းတဲ့ ပဲစင်းငုံ

ဈေးတွေ ဆက်တိုက်မြင့်တက်လာခဲ့တဲ့ မတ်ပဲက ဒီတစ်ပတ်မှာတော့ တစ်တန်ကို သိန်း ၄၀ အောက်ထိ ဈေးပြန်ကျဆင်းသွားပါတယ်။ FOB ဈေးနှုန်းမြင့်တက်ပေမဲ့ ပြည်တွင်းငွေလဲလှယ်ဈေးနှုန်း ပြန်ကျဆင်းသွားတဲ့အတွက် ဈေးကကျဆင်းသွားတာဖြစ်ပါတယ်။ လက်ရှိ ပဲဈေးအကျကိုစောင့်ပြီး အရောင်းအဝယ်ရှိနေတာဖြစ်တဲ့အတွက် အနည်းငယ်တော့အေးတယ်လို့ သိရပါတယ်။

အိန္ဒိယနိုင်ငံမှာတော့ ပဲအသစ်တွေ အဝင်ရှိနေပေမဲ့ အရည်အသွေးပိုင်းဆိုင်ရာ အားနည်းတဲ့အပြင် ပွဲတော်ကြိုကာလ အတွက် အဝယ်သွက်နေပါတယ်။ ဒါ့အပြင် အကျဈေးနဲ့ဝယ်ယူမှု ပြန်မြင့်တက်လာတဲ့အတွက် ဈေးကပြန်မြင့်တက်လာတာဖြစ်တယ်လို့ သိရပါတယ်။

မတ်ပဲ FOB ဈေးနှုန်းကတော့ တစ်တန်ကို ၉၀၀ မှ ၉၁၀ ဒေါ်လာပေါက်ဈေးရှိပြီး ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် ဒေါ်လာ ၄၀ ဈေးမြင့်တက်လာပါတယ်။ ဒီတစ်ပတ်မှာတော့ မတ်ပဲတစ်တန်ကို ၃,၉၅၆,၀၀၀ ပေါက်ဈေးရှိပြီး ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် တစ်တန်ကို ၃၇၀၀၀ ကျပ် ဈေးကျဆင်းသွားပါတယ်။

ပဲစင်းငုံနီကလည်း စံချိန်တင် ၅၂ သိန်းကျော်ထိ ဈေးမြင့်တက်ခဲ့ပြီး တစ်ပတ်အတွင်း ဈေးကပြန်ကျဆင်းသွားပါတယ်။ အရောင်းအဝယ်ကတော့ ပို့ကုန်ရှိနေတာဖြစ်တဲ့အတွက် အဝယ်ရှိပေမဲ့ အရောင်းကတော့ အမြင့်ဈေးကို စောင့်ကြည့်နေကြတာဖြစ်လို့ အများကြီးမရှိဘူးလို့ ကုန်သည်အချို့ကဆိုပါတယ်။

အိန္ဒိယနိုင်ငံမှာလည်း ပဲစင်းငုံနီဈေးက တည်ငြိမ်မှုမရှိဘဲ အရောင်းအဝယ်အေးက ဈေးမာနေတဲ့အခြေအနေလို့ အိန္ဒိယဈေးကွက်သတင်းတွေရဲ့ဖော်ပြချက်အရ သိရပါတယ်။ ယခုနှစ် ပဲစင်းငုံအထွက်နှုန်းက မြင့်တက်လာနိုင်တယ်လို့ ထုတ်ပြန်ထားပြီး မကြာခင် အာဖရိကပဲတွေ အဝင်ရှိလာရင်တော့ လက်ရှိပဲဈေးက ကျဆင်းနိုင်မယ်လို့ ခန့်မှန်းထားကြပါတယ်။

ပြည်တွင်း FOB ဈေးနှုန်းကတော့ တစ်တန်ကို ၁၁၄၀ မှ ၁၁၅၀ ဒေါ်လာရှိပြီး တစ်တန်ကို ဒေါ်လာ ၆၅ ဈေးမြင့်တက်လာပါတယ်။ ငွေကြေးလဲလှယ်ဈေးနှုန်း ပြန်ကျဆင်းသွားတဲ့အတွက် ပဲဈေးလည်း ပြန်ကျဆင်းသွားတာဖြစ်ပါတယ်။

ရန်ကုန်ဈေးကွက်မှာ ပဲစင်းငုံနီက တစ်တန်ကို ၅,၀၂၅,၀၀၀ ပေါက်ဈေးရှိပြီး ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် တစ်တန်ကို ၁၅၀,၀၀၀ ကျပ် ဈေးကျဆင်းသွားပါတယ်။

### ဆက်တိုက်ဈေးပြန်မြင့်လာတဲ့ စီပီပြောင်း

ပြောင်းဈေးကတော့ ဈေးထပ်ပြီး မြင့်တက်ပါတယ်။ ငွေလဲလှယ်ဈေးနှုန်းအပါအဝင် ပြည်တွင်း သယ်ယူပို့ဆောင်စရိတ်မြင့်တက်လာတာ၊ လက်ကျန်လျော့နည်းလာတာ၊ ထိုင်းနိုင်ငံတင်ပို့မှုအတွက် ဝယ်ယူမှုများပြားတာတွေကြောင့် ဈေးက မြင့်တက်နေတာဖြစ်တယ်လို့ သိရပါတယ်။

ရန်ကုန်ဈေးကွက်မှာတော့ တစ်ပိဿာကို ၁၇၃၀ မှ ၁၇၅၀ ရှိပြီး အတက်ဈေးနဲ့ဈေးငြိမ်ပါတယ်။ မန္တလေးဈေးကွက်မှာတော့ စီပီပြောင်းက သုံးတင်းဝင်တစ်အိတ်ကို ၈၈,၀၀၀ မှ ၉၀,၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၃၀၀၀ ကျပ်ဈေးတက်ပါတယ်။ ရှမ်းပြောင်းကလည်း တစ်အိတ်ကို ၈၈၀၀၀ မှ ၉၀၀၀၀ ရှိပြီး တစ်အိတ်ကို ၃၀၀၀ ကျပ် ဈေးတက်ပါတယ်။

### ဈေးပြန်ကျဆင်းလာတဲ့ ကြက်သွန်ဖြူ

ကြက်သွန်ဖြူကတော့ ဈေးကျဆင်းသွားပါတယ်။ ဈေးအမြင့်နဲ့ရှိနေတဲ့အတွက် အဝယ်လျော့သွားပြီး ဈေးကျဆင်းသွားပါတယ်။ ဈေးကွက်ထဲကို ကြက်သွန်ဖြူ ပိဿာချိန် ၁၅,၀၀၀ နီးပါးလည်း အဝင်ရှိနေပြီး အဝင်ကလည်းများနေပါတယ်။

ရန်ကုန်ဈေးကွက်မှာ ကြက်သွန်ဖြူ(ကြူကုတ်)က တစ်ပိဿာကို ၁၅၅,၀၀၀ မှ ၁၅,၈၀၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၃၀၀၀ နီးပါး ဈေးပြန်ကျဆင်းပါတယ်။ ကြက်သွန်ဖြူ(ရှမ်း)ကတော့ တစ်ပိဿာကို ၉၅၀၀ မှ ၁၁,၅၀၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၂၀၀၀ ကျပ် ဈေးကျဆင်းပါတယ်။

**Source: (AMIA)**

**Myanma Awba Group**

## မြန်မာ့ထွက်ကုန်ပဲကြီးများ ပြည်တွင်းပြည်ပဝယ်လိုအားကြောင့် အရောင်းအဝယ်များ ကောင်းမွန်လျက်ရှိ

မြန်မာ့ထွက်ကုန်ပဲကြီးများ မန္တလေးဈေးကွက်အတွင်း၌ ယခုရက်ပိုင်းအတွင်း ပြည်တွင်း၊ ပြည်ပဝယ်လိုအားကြောင့် အရောင်းအဝယ်များ ကောင်းမွန်လျက်ရှိကြောင်း မန္တလေးပဲကုန်သည်များထံမှသိရသည်။ အဆိုပါ ပဲကြီးများသည် ဈေးကွက်အတွင်းသို့ နယ်စုံဒေသမှဝင်ရောက်လာပြီး အရောင်းအဝယ်များ ကောင်းမွန်လျက်ရှိကြောင်း၊ ယခုလအတွင်း၌ ပြည်တွင်း၊ ပြည်ပဝယ်လိုအားများပြားလာမှုကြောင့် ပဲကြီး(အကြီး)၊ ပဲကြီး(အလတ်)နှင့်ပဲကြီး(အသေး)များ အရောင်းအဝယ်ကောင်းမွန်ပြီး ဈေးကောင်းများရရှိနေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်ထံမှသိရသည်။

"ပဲကြီးက ပြည်တွင်းမှာလည်း မြန်မာလူမျိုးတွေကြိုက်နှစ်သက်စွာ စားသုံးကြတဲ့ ပဲအမျိုးအစားဖြစ်တဲ့အပြင် ပဲကြီးကနေ တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် ပဲကြီးလှော်၊ ပဲကြော်ကို ထုတ်လုပ်ပြီး ပြည်ပနိုင်ငံကိုလည်း တင်ပို့မှုတွေရှိနေတယ်လို့ သိရပါတယ်။ ပဲကြီးက စတင်ထွက်ရှိချိန်ကတည်းက ဈေးကောင်းရတယ်။ ပဲကြီးက အကြီး၊ အလတ်၊ အသေးဆိုပြီး ရှိပါသည်။ ပဲကြီးက မြန်မာပြည်ရဲ့ မူရင်းမျိုးဖြစ်တယ်။ ပဲကြီးကို နှစ်စဉ်ပြည်ပနိုင်ငံတွေကို တင်ပို့ရောင်းချနေရပါတယ်။ ဒါကြောင့် အရောင်းအဝယ်တွေကောင်းပြီး ဈေးကောင်းရရှိနေပါတယ်"ဟု ၎င်းကပြောသည်။ အဆိုပါပဲကြီးကို မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့်စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ဆောင်းသီးနှံအနေဖြင့် တစ်ရာသီသာ စိုက်ပျိုး၍ရကြောင်း၊ စပါး၊ ပဲတီစိမ်း၊ အခြားဆီထွက်သီးနှံများကဲ့သို့ သီးထပ်စိုက်ပျိုး၍မရကြောင်း၊ မိုးများသော ဒေသများဖြစ်သည့် ရန်ကုန်၊ ပဲခူးနှင့်ဧရာဝတီတိုင်းဒေသကြီးများတွင် ပဲကြီးစိုက်ပျိုးမှုနည်းပါးကြောင်း၊ ပဲကြီးကို ပြည်တွင်းစားသုံးမှုများနှင့်အတူ ပြည်ပကိုလည်း နိုင်ငံခြားဝင်ငွေရရှိစေရန် တင်ပို့ရောင်းချနိုင်သည့်အတွက် တစ်နှစ်ထက်တစ်နှစ် တောင်သူများအနေဖြင့် တိုးချဲ့စိုက်ပျိုးသင့်ကြောင်း သိရသည်။

**Source: The Mirror Daily**

## မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်အတွင်း သီးထပ်ရင်စပါးတင်းရေ ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း သီးထပ်ရင်စပါးတင်းရေ ၈၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြတ်မော်က ပြောပြ၍သိရသည်။ မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်းက သီးထပ်ရင်စပါးအမျိုးအစား တင်းရေ ၅၅,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ပြီးခဲ့သည့် ဩဂုတ်လ ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း သီးထပ်ရင်စပါးအမျိုးအစား တင်းရေ ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။ "မအူပင်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ထဲကို ပြီးခဲ့တဲ့ ဩဂုတ်လအတွင်းက သီးထပ်ရင်စပါးတင်းရေ ၈၅,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရသည်။ မအူပင်မြို့နယ်ကနေစပါးအပါအဝင် လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေပါသည်။ သီးထပ်ရင်လိုခေါ်တဲ့ စပါးအမျိုးအစားက ဆန်ကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါသည်။ အဲဒီစပါးတွေကို ရန်ကုန်ဘက်က ဝယ်ယူမှုများနေလို့ တင်ပို့အားကောင်းလာတာဖြစ်ပါသည်။ ပြည်တွင်း ဆန်၊ စပါးဈေးကွက်မှာ စပါးကအဝယ်လိုက်နေပါသည်"ဟု မအူပင်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြတ်မော်ကပြောသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဩဂုတ်လအတွင်းက တင်ပို့ရောင်းချခဲ့သည့် သီးထပ်ရင်စပါးအမျိုးအစား တင်းရေ ၁၀၀ လျှင် ကျပ် ၂,၀၉၀,၀၀၀ ထိပေါက်ဈေးရှိကြောင်း၊ အဆိုပါစပါးများ အရောင်းအဝယ်ကောင်းလာသည့်အတွက် စပါးစိုက်တောင်သူများ၊ ဆန်ပွဲရုံလုပ်ငန်းရှင်များ အဆင်ပြေနေကြောင်း မအူပင်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြတ်မော်ထံမှ သိရသည်။ "ဒီသီးထပ်ရင်စပါးက စားကောင်းပြီး ဈေးကွက်ကောင်းပါသည်။ အခုအရောင်းအဝယ်ဖြစ်နေတဲ့ သီးထပ်ရင်စပါးက လက်ကျန်စပါးဟောင်းပါ။ လာမဲ့စပါးအသစ်တွေ လှိုင်လှိုင်ပေါ်လာလဲ သီးထပ်ရင်စပါးအမျိုးအစားက အရောင်းအဝယ်ကောင်းဖို့ပဲ ရှိပါတယ်" ဟု မအူပင်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြတ်မော်က ပြောပြသည်။

**Source: ရတနာပုံသတင်းစာ**

## အမေရိကန်အစိုးရက စောင့်ကြည့်လျက်ရှိသည့် အဓမ္မလုပ်အားဖြင့် ထုတ်လုပ်သော ကုန်ပစ္စည်းစာရင်းမှ ထိုင်းနိုင်ငံပုစွန်အား ပယ်ဖျက်လိုက်

အမေရိကန်အစိုးရက စောင့်ကြည့်လျက်ရှိသည့် အဓမ္မလုပ်အား သို့မဟုတ် ကလေးသူငယ်လုပ်အားဖြင့် ထုတ်လုပ်သော ကုန်ပစ္စည်းစာရင်းမှ ထိုင်းနိုင်ငံ ပုစွန်အား ဖယ်ထုတ်လိုက်ကြောင်း ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး H.E Mr. Phiphat Ratchakitprakarn က ပြောကြားချက်အရ သိရသည်။

ယင်းကဲ့သို့ ဖယ်ထုတ်လိုက်ခြင်းသည် ပုစွန်ကဏ္ဍအတွက်သာမက ငါးဖမ်းခြင်းနှင့်အလုပ်သမားနယ်ပယ်အတွက်ပါ သိသာထင်ရှားသော အရွေ့တစ်ခုဖြစ်ပါကြောင်း၊ ဖယ်ထုတ်လိုက်ခြင်းကြောင့် ကုန်သွယ်ရေးတိုးမြှင့်လာနိုင်ပြီး ထိုင်းတို့အတွက် အမေရိကန်ဈေးကွက်သို့ ပို့ကုန်အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်ကြောင်း၊ အမေရိကန်အလုပ်သမားဦးစီးဌာနက ယခုရက်သတ္တပတ်အစောပိုင်းတွင် ကလေးသူငယ် သို့မဟုတ် အဓမ္မအလုပ်လုပ်ကိုင်စေခြင်းမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများနှင့် ကုန်စည်များအပေါ် နောက်ဆုံးအခြေအနေကို ထုတ်ပြန်ခဲ့ပါကြောင်း၊ ကလေးသူငယ် သို့မဟုတ် အဓမ္မအလုပ်လုပ်ကိုင်ခိုင်းစေခြင်းမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းစာရင်းနှင့် ၂၀၂၄ ခုနှစ်အတွက် အုပ်ချုပ်ရေးဆိုင်ရာအမိန့် (Executive Orders) စာရင်းတို့မှ ထိုင်းပုစွန်ကို ပယ်ဖျက်လိုက်ပါကြောင်း၊ ထိုင်းပုစွန်ကို အုပ်ချုပ်ရေးဆိုင်ရာအမိန့် (Executive Orders) စာရင်းအတွင်းသို့ ၂၀၁၉ ခုနှစ်တွင် ထည့်သွင်းခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါစာရင်းအရ အမေရိကန်ဖယ်ဒရယ်အဖွဲ့အစည်းများက အဓမ္မအလုပ်လုပ်ကိုင်စေခြင်း သို့မဟုတ် ကလေးသူငယ်လုပ်အားအသုံးပြု၍ ထုတ်လုပ်သောကုန်စည်များကို မဝယ်ယူကြပါကြောင်း ဝန်ကြီးက ဖြည့်စွက်ပြောကြားခဲ့သည်။

အမေရိကန်ဝယ်ယူရေး လုပ်ထုံးလုပ်နည်းအရ စာရင်းပါကုန်စည်များကို ထောက်ပံ့ပေးသော ဖယ်ဒရယ် ကန်ထရိုက်တာများက ထောက်ပံ့ပေးသောပစ္စည်းများကို ထုတ်လုပ်ရန် အဓမ္မ သို့မဟုတ် ကလေးသူငယ်လုပ်အားကို အသုံးပြု၍ ထုတ်လုပ်ထားခြင်းရှိမရှိ သေချာရန်ဆောင်ရွက်ကြပါကြောင်း၊ စာရင်းမှဖယ်ထုတ်လိုက်ခြင်းမှာ အစိုးရနှင့်ပုဂ္ဂလိက ကဏ္ဍတို့သည် နိုင်ငံ၏ ပုစွန်ကဏ္ဍတွင် အဓမ္မအလုပ်လုပ်ကိုင်စေခြင်း သို့မဟုတ် ကလေးသူငယ် လုပ်အားအသုံးပြုမှုနှင့်စပ်လျဉ်း၍ အလေးထားဆောင်ရွက်လျက်ရှိသည့် အလုပ်သမားကျင့်ထုံးအပေါ် သုံးသပ်မှုများကပြသခဲ့ပါကြောင်း ဝန်ကြီး H.E Mr. Phiphat က ဆက်လက်ပြောကြားခဲ့သည်။

ဦးစီးဌာနအနေဖြင့် ပုစွန်ကဏ္ဍတွင် အဓမ္မအလုပ်လုပ်ကိုင်စေခြင်း သို့မဟုတ် ကလေးသူငယ် လုပ်အားအသုံးပြုမှုနှင့် စပ်လျဉ်း၍ ဥပဒေကို တင်းကျပ်စွာ ကျင့်သုံးလျက်ရှိကြောင်း၊ အဆိုပါကဏ္ဍတွင် စံအလုပ်သမားကျင့်ထုံးကို လက်ခံရန် အားပေးလျက်ရှိကြောင်း၊ ရွှေ့ပြောင်းအလုပ်သမားများ အကြမ်းဖက်ခြင်းမှကာကွယ်ရန် အစိုးရမဟုတ်သော အဖွဲ့အစည်း ၁၂ ဖွဲ့ဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း အလုပ်သမားအကာအကွယ်ပေးရေးနှင့်လုံခြုံရေးဦးစီးဌာနအရာရှိ Ms. Sopha Kiatniracha က ဖြည့်စွက်ပြောကြားခဲ့သည်။

**Source: www.bangkokpost.com သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။** https://myantrade.gov.mm/

## တရုတ်နိုင်ငံသည် ကနေဒါနိုင်ငံ၏ ဆီမုန်ညင်းစေ့တင်သွင်းမှုအပေါ် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သွားမည်

တရုတ်နိုင်ငံထုတ် လျှပ်စစ်သုံးယာဉ်များ၊ သံမဏိနှင့်အလူမီနီယံများအပေါ် အကောက်ခွန်နှုန်းများ သတ်မှတ်လိုက်သည့် ကနေဒါနိုင်ငံ၏ ဆုံးဖြတ်ချက်အပေါ် ပါးကိုက်လျှင် နားရွက်ပြန်ကိုက်သည့် တုံ့ပြန်မှုတစ်ခုအဖြစ် ကနေဒါနိုင်ငံမှ canola သွင်းကုန်များနှင့်စပ်လျဉ်း၍ တန်ပြန်စုပုံ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သွားရန် တရုတ်နိုင်ငံမှ စီစဉ်လျက်ရှိသည်။

တရုတ်နိုင်ငံအနေဖြင့် အကောက်ခွန်နှုန်းများ သတ်မှတ်လိုက်ခြင်းအပေါ် ကျေနပ်မှုမရှိဘဲ ပြင်းထန်စွာကန့်ကွက်ခဲ့ပြီး ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အငြင်းပွားဖြေရှင်းမှု လုပ်ငန်းစဉ်အောက်မှ ဖြေရှင်းဆောင်ရွက်သွားရန်ရည်ရွယ်ကြောင်း အင်္ဂါနေ့က ထုတ်ပြန်ချက်တစ်ရပ်တွင် တရုတ်နိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ၊ အကောက်ခွန်ဌာန၏ အချက်အလက်များအား ကိုးကားထားသည့် Bloomberg ၏ သတင်းအရ ပြီးခဲ့သည့်နှစ်က တရုတ်နိုင်ငံ၏ ဆီမုန်ညင်းစေ့တင်သွင်းမှု စုစုပေါင်း ၉၀ ရာခိုင်နှုန်းသည် ကနေဒါနိုင်ငံမှဖြစ်ပြီး စုစုပေါင်းတန်ဖိုးမှာ ၅ ဒသမ ၀၅ သန်းခန့် ရှိသည်။

တရုတ်နိုင်ငံ၏ ပြည်တွင်းစက်မှုလုပ်ငန်းများ၏ ပြောကြားချက်အရ တရုတ်နိုင်ငံသို့ ကနေဒါနိုင်ငံမှ ဆီမုန်ညင်းစေ့ တင်ပို့မှုများမှာ သိသိသာသာတိုးတက်လာခဲ့ကြောင်းနှင့် ကနေဒါနိုင်ငံ၏ မမျှတသောယှဉ်ပြိုင်မှုကြောင့် တရုတ်နိုင်ငံ၊ ပြည်တွင်း ဆီမုန်ညင်းနှင့်ဆက်စပ်သည့်စက်ရုံများမှာ ငွေကြေးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရကြောင်း ထုတ်ပြန်ချက်တွင် ထပ်လောင်းဖော်ပြထားသည်။

၂၀၂၃ ခုနှစ်တွင် ကနေဒါ၏ စုပုံတင်ပို့မှုမှာ နှစ်အလိုက် ၁၇၀ ရာခိုင်နှုန်း တိုးလာကာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၄၇ ဘီလီယံအထိရောက်ရှိခဲ့ပြီး ဈေးနှုန်းများမှာ ဆက်လက်ကျဆင်းခဲ့ပါကြောင်း၊ တရုတ်နိုင်ငံမှ တန်ပြန်စုပုံစစ်ဆေးမှုများ ပြုလုပ်သွားမည်ဟု ပြောကြားလိုက်ပြီးနောက် Zhengzhou Commodity Exchange တွင် ဆီမုန်ညင်းစေ့ ဈေးနှုန်းများသည် ၅ ဒသမ ၅ ရာခိုင်နှုန်းမြင့်တက်ကာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၁ ဒသမ ၈၀ ဖြင့် ဩဂုတ်လ ၆ ရက်နောက်ပိုင်း စံချိန်တင်အမြင့်ဆုံးသို့ ရောက်ရှိခဲ့ကြောင်း Reuters သတင်းအရ သိရသည်။

တရုတ်နိုင်ငံအနေဖြင့် Canola တင်သွင်းမှုများအပြင် ကနေဒါနိုင်ငံ၏ ဓာတုဗေဒထုတ်ကုန်ပစ္စည်းများကိုလည်း စုံစမ်းစစ်ဆေးမှု တစ်ရပ်ပြုလုပ်မည်ဖြစ်ပါကြောင်း ဝန်ကြီးဌာနက ပြောကြားခဲ့သည်။ ကနေဒါနိုင်ငံအနေဖြင့် ၎င်း၏ ပြည်တွင်းကုမ္ပဏီများအား အကာအကွယ်ပေးနိုင်ရန်အလို့ငှာ ဥရောပသမဂ္ဂနှင့် အမေရိကန်ပြည်ထောင်စုတို့၏ သတ်မှတ်ချက်များနှင့်အညီ တရုတ်နိုင်ငံ ထုတ် လျှပ်စစ်သုံးယာဉ်များအပေါ် ၁၀၀ ရာခိုင်နှုန်း၊ အာရှနိုင်ငံများမှ သံမဏိနှင့် အလူမီနီယံများအပေါ် ၂၅ ရာခိုင်နှုန်း အခွန်ပေးဆောင်ရန် ပြီးခဲ့သည့်အပတ်က ကြေညာခဲ့သည်။

ပေကျင်း၏ ပြည်တွင်းထုတ်လုပ်သူများအား မမျှတသော အထောက်အပံ့ပေးမှုများကြောင့် ၎င်းတို့၏ ထုတ်ကုန်များမှာ ပြည်ပဈေးကွက်များတွင် စုပုံမှုများဖြစ်ပေါ်စေပြီး အဆိုပါဈေးကွက်များရှိ ပြည်တွင်းကုမ္ပဏီများမှာ ထိခိုက်နစ်နာမှုများ ကြုံတွေ့ရသည့်အတွက် အမေရိကန်နိုင်ငံနှင့်ဥရောပသမဂ္ဂတို့မှ တရုတ်နိုင်ငံထုတ် လျှပ်စစ်သုံးယာဉ်များအပေါ် မကြာသေးမီက အခွန် ၁၀၀ ရာခိုင်နှုန်းနှင့် ၃၆ ရာခိုင်နှုန်း အသီးသီး သတ်မှတ်ခဲ့ကြသည်။

ကနေဒါနိုင်ငံမှချမှတ်သည့် အကောက်ခွန်အသစ်မှာ Hybrid ခရီးသည်တင် မော်တော်ယာဉ်များ၊ ကုန်တင်ကားများ၊ ဘတ်စကားများနှင့် ကုန်ပစ္စည်းဖြန့်ဖြူးသည့်ယာဉ်များအတွက် အောက်တိုဘာလ ၁ ရက်တွင်လည်းကောင်း၊ သံမဏိနှင့် အလူမီနီယံတို့အတွက် အောက်တိုဘာလ ၁၅ ရက်တွင်လည်းကောင်း အသီးသီးစတင်ကောက်ခံသွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် Justin Trudeau က ပြီးခဲ့သည့်အပတ်တွင် ကြေညာခဲ့သည်။

ကနေဒါနိုင်ငံအနေဖြင့် ချက်ပြုတ်ခြင်းလုပ်ငန်း (သို့) စက်မှုလုပ်ငန်းများအတွက် အသုံးပြုသည့် Canola ကို ကမ္ဘာ့ထိပ်တန်း တင်ပို့နေသည့်နိုင်ငံဖြစ်ပြီး တရုတ်နိုင်ငံသည်လည်း ကမ္ဘာပေါ်တွင် ဆီထွက်သီးနှံ အများဆုံးဝယ်ယူသည့် နိုင်ငံတစ်နိုင်ငံ

ဖြစ်ကြောင်း Reuters ၏ အစီရင်ခံစာတွင် ဖော်ပြပါရှိသည်။

**Source: Forbes Middle East (3 September 2024)**

https://www.commerce.gov.mm/

## ၂၀၄၀ ပြည့်နှစ်တွင် အရှေ့တောင်အာရှ၌ ခရီးသည်တင်လျှပ်စစ်ယာဉ်အသုံးပြုမှုအများဆုံးဖြစ်လာမည့် စင်ကာပူနိုင်ငံ

BloombergNEF ၏ အစီရင်ခံစာအရ စင်ကာပူနိုင်ငံသည် ၂၀၄၀ ပြည့်နှစ်တွင် အရှေ့တောင်အာရှ၌ ခရီးသည်တင်လျှပ်စစ်ယာဉ်အများဆုံး အသုံးပြုမည့်နိုင်ငံဖြစ်ကြောင်း မျှော်မှန်းထားသည်။ ခရီးသည်တင်ယာဉ်အားလုံး၏ ၈၀ ရာခိုင်နှုန်းမှာ လျှပ်စစ်ယာဉ်များဖြစ်ရန် မျှော်မှန်းထားပြီး ဒေသတွင်းလျှပ်စစ်ယာဉ်များ၏ ပျမ်းမျှရာခိုင်နှုန်းဖြင့် နှိုင်းယှဉ်ပါက ၂၄ ရာခိုင်နှုန်းဖြစ်မည်ဟု ခန့်မှန်းထားသည်။

စင်ကာပူနိုင်ငံတွင် ၂၀၂၃ ခုနှစ်၌ ရောင်းချခဲ့သည့် ယာဉ်အားလုံး၏ ၁၉ ရာခိုင်နှုန်းမှာ လျှပ်စစ်ယာဉ်များဖြစ်ပြီး ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံတို့အနက် လျှပ်စစ်ယာဉ်အသုံးပြုမှု အမြင့်ဆုံးနိုင်ငံဖြစ်ကြောင်း၊ ၂၀၂၃ ခုနှစ်တွင် အရှေ့တောင်အာရှ၌ လျှပ်စစ်ယာဉ်အားသွင်းနိုင်သည့်နေရာများ အများဆုံးရှိပြီး လျှပ်စစ်ယာဉ် ၃ စီးလျှင် အားသွင်းနိုင်သည့်နေရာ ၁ ခုနှုန်းရှိကြောင်း BloombergNEF အရသိရသည်။ စင်ကာပူနိုင်ငံ၊ ကုန်းလမ်းပို့ဆောင်ရေး အာဏာပိုင်အဖွဲ့ (Land Transport Authority) ၏ အချက်အလက်များအရ ၂၀၂၄ ခုနှစ်၊ ပထမ ၇ လအတွင်း ကားအသစ်မှတ်ပုံတင်မှု၏ ၃ ဒသမ ၂၁ ရာခိုင်နှုန်းမှာ လျှပ်စစ်ယာဉ်များဖြစ်သည်။

"ဘက်ထရီဈေးနှုန်းကျဆင်းခြင်းသည် လျှပ်စစ်ယာဉ်အသုံးပြုမှုအတွက် အဓိကဖြစ်ကြောင်း၊ လျှပ်စစ်ယာဉ်တွင် ဈေးအကြီးဆုံးအစိတ်အပိုင်းမှာ ဘက်ထရီဖြစ်ကြောင်း၊ ဘက်ထရီဈေးနှုန်းကျဆင်းခြင်းသည် လျှပ်စစ်ယာဉ်ဈေးနှုန်းကိုကျဆင်းစေပြီး လောင်စာဆီသုံးယာဉ်များထက် ယှဉ်ပြိုင်မှုပိုမိုရရှိစေကြောင်း" BloombergNEF ၏ အစီရင်ခံစာရေးသားသူ Ms. Komal Kareer က ပြောကြားခဲ့သည်။

ဈေးကွက်တွင် ဘက်ထရီအရေအတွက် ၂ ဆဖြစ်တိုင်း ဘက်ထရီဈေးနှုန်းမှာ ၁၇ ရာခိုင်နှုန်းကျဆင်းမည်ဟု BloombergNEF က ခန့်မှန်းထားသည်။ ၂၀၁၀ ပြည့်နှစ်မှ ၂၀၂၃ ခုနှစ်အတွင်း ဘက်ထရီဈေးနှုန်းမှာ ၉၀ ရာခိုင်နှုန်းကျဆင်းခဲ့သည်။ ၂၀၂၃ ခုနှစ်တွင် လျှပ်စစ်ယာဉ်ဆိုင်ရာအထောက်အကူပြုမူဝါဒများ၊ ဒေသတွင်း၌ တရုတ်နိုင်ငံ ယာဉ်ထုတ်လုပ်သူများ ပိုမိုများပြားလာမှုတို့ကြောင့် အရှေ့တောင်အာရှ၌ ခရီးသည်တင်လျှပ်စစ်ယာဉ် နှစ်စဉ်ရောင်းချရမှုမှာ ၃ ဆဖြစ်ခဲ့သည်။ ၂၀၂၃ ခုနှစ်တွင် စင်ကာပူနိုင်ငံမှ ၅၇၃၄ စီးအပါအဝင် အရှေ့တောင်အာရှ၌ ခရီးသည်တင်လျှပ်စစ်ယာဉ်ပေါင်း ၁၅၃,၀၀၀ ကျော် ရောင်းချခဲ့ပြီး အဆိုပါအရေအတွက်တွင် hybrid လျှပ်စစ်ယာဉ်များလည်း ပါဝင်သည်။

"စင်ကာပူနိုင်ငံ၏ လျှပ်စစ်ယာဉ်အသုံးပြုမှုနှုန်းမြင့်တက်ရခြင်း၏ အဓိကအချက်မှာ ယာဉ်ပိုင်ရှင်များကို ၁၀ နှစ်ပြည့်တိုင်း ယာဉ်ပြောင်းလဲရန်သတ်မှတ်သည့်စနစ် (certificate of entitlement system) ကြောင့်ဖြစ်ကြောင်း၊ ဒေသတွင်း အခြားနိုင်ငံများတွင် ယာဉ်ပိုင်ရှင်များသည် ၎င်းတို့၏ယာဉ်ကို ၁၀ နှစ်ထက်ပို၍ အသုံးပြုနိုင်ပြီး အဆိုပါယာဉ်ကို စီးပွားရေးအရ အသုံးပြုနိုင်ခြင်းမရှိသည့် အခြေအနေအထိအသုံးပြုကြပြီး အဟောင်းဈေးကွက်တွင် ရောင်းချနိုင်ကြောင်း၊ ၂၀၂၅ ခုနှစ်မှစ၍ ဒီဇယ်ယာဉ်အသစ်များ သို့မဟုတ် ဒီဇယ်အငှားယာဉ်အသစ်များကို မှတ်ပုံတင်နိုင်မည်မဟုတ်ကြောင်း၊ ထိုသို့သောမူဝါဒများသည် လျှပ်စစ်ယာဉ်အသုံးပြုမှုကို အားပေးကြောင်း" Singapore University of Social Sciences မှ Transport Economist ဖြစ်သူ Walter Theseira က ပြောကြားခဲ့သည်။

စင်ကာပူနိုင်ငံသည် ၂၀၃၀ ပြည့်နှစ်တွင် အများပြည်သူသုံး ဘတ်စကားစီးရေ ၆၀၀၀ ရှိနိုင်သည့်အနက် စီးရေ ၃၀၀၀ ကို လျှပ်စစ်ယာဉ်များဖြင့် အစားထိုးရန်နှင့် ၂၀၄၀ ပြည့်နှစ်တွင် အဆိုပါယာဉ်များအားလုံးကို သန့်ရှင်းသောစွမ်းအင်အသုံးပြုပြေးဆွဲရန် ရည်မှန်းချက်ထားရှိသည်။ ၂၀၃၀ ပြည့်နှစ်မှစ၍ မော်တော်ယာဉ်အသစ်များနှင့် အငှားယာဉ်အသစ်များ မှတ်ပုံတင်

ရာတွင် သန့်ရှင်းသည့် စွမ်းအင်သုံးအမျိုးအစား (Model) သာဖြစ်ရမည်ဖြစ်သည်။ Singapore's Green Plan အရ ၂၀၃၀ ပြည့်နှစ်တွင် လျှပ်စစ်အားသွင်းသည့် နေရာပေါင်း ၆၀,၀၀၀ ရှိစေရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

**Socure:The Straits Times**

**စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ စင်ကာပူမြို့**

https://myantrade.gov.mm/

## STOCK EXCHANGE (11.9.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 11th Sep. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,181 (Shares) | 16,058,300 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,900 | +100 | +1.14% | 8,800 | 8,900 | 8,800 | 700 | 6,170,000 | 33,109,694 | 294,676 |
| MTSH | 00002 | 3,500 | +0 | +0.00% | 3,450 | 3,500 | 3,450 | 889 | 3,067,300 | 38,929,150 | 136,252 |
| MCB | 00003 | 8,800 | +0 | +0.00% | 8,800 | 8,800 | 8,800 | 0 | 0 | 10,400,986 | 91,529 |
| FPB | 00004 | 1,850 | +0 | +0.00% | 1,850 | 1,850 | 1,850 | 100 | 185,000 | 29,664,613 | 54,880 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 467 | 1,307,600 | 12,823,224 | 35,905 |
| EFR | 00006 | 1,750 | +0 | +0.00% | 1,700 | 1,750 | 1,700 | 922 | 1,578,200 | 19,977,223 | 34,960 |
| AMATA | 00007 | 4,600 | +0 | +0.00% | 4,600 | 4,600 | 4,600 | 0 | 0 | 10,497,598 | 48,289 |
| MAEX | 00008 | 3,400 | +0 | +0.00% | 3,400 | 3,400 | 3,400 | 1,103 | 3,750,200 | 23,804,946 | 80,937 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


### Market summary

As of 11th Sep. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 412.17 | +1.76 | +0.43% | 408.85 | 412.17 | 408.85 | 4,181 | 16,058,300 | 8 | 777,428 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 11th Sep, 2024

| Trading Volume | Trading Value |
| --- | --- |
| 4,231 (Shares) | 17,883,300 (MMK) |

## Main Board

As of 1:00 pm, 11th Sep, 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
| --- | --- |
| 4,181 (Shares) | 16,058,300 (MMK) |

| MYANPIX | 412.17 ▲ 1.76 |
| --- | --- |
| Total Volume (shares) | 4,181 |
| Total Value (MMK) | 16 mil |
| Listed Company | 8 |
| Market Cap. (MMK) | 777,428 mil |

| Name | Code | Price | Change |
| --- | --- | --- | --- |
| FMI | 00001 | 8,900 | ▲ 100 |
| MTSH | 00002 | 3,500 | ▲ 0 |
| MCB | 00003 | 8,800 | ▲ 0 |
| FPB | 00004 | 1,850 | ▲ 0 |
| TMH | 00005 | 2,800 | ▲ 0 |
| EFR | 00006 | 1,750 | ▲ 0 |
| AMATA | 00007 | 4,600 | ▲ 0 |
| MAEX | 00008 | 3,400 | ▲ 0 |

TIR